## အတွက်နားကြားခြင်းနှင့်စကားပြောခြင်းစစ်ဆေးမှုစာရင်း

### မွေးကင်းစမှ ၃ လ

- ☐ ကြားနေကျအသံများနှင့် စကားသံများကြောင့် စိတ်ငြိမ် စေသည်
- ☐ ရုတ်တရက်အသံတစ်ခုခုကြောင့် လန့်ဖျပ် သို့မဟုတ် တုန်လှုပ်သွားသည်။

### ၃ လ မှ ၆ လ

- ☐ စိတ်ဝင်စားဖွယ်အသံဘက်သို့ ခေါင်းသို့မဟုတ် မျက်လုံးလှည့် ခြင်း၊
- ☐ နားထောင်ပုံရခြင်း၊
- ☐ အသံကြောင့် အလွယ်တကူ နိုးလာခြင်း၊
- ☐ စကားပြောသလို အသံများစလုပ်လာခြင်း၊

### ၆ လ မှ ၁၂ လ

- ☐ “နို့” နှင့် “ဘိုင့်ဘိုင်”ကဲ့သို့ လွယ်ကူသောစကားလုံးများကို နားလည်သည်၊
- ☐ စကားသံများကို လိုက်အတုခိုးပြောလာသည်၊
- ☐ တိုးသောအသံများဘက်သို့ ခေါင်းလှည့်သည်။

### ၁၂ လ မှ ၁၈ လ

- ☐ အပတ်စဉ်တိုင်း စကားလုံးများကို ပိုနားလည်လာပုံရသည်။
- ☐ လုပ်ခိုင်းလျှင်၊ လူ၊ ခန္ဓာကိုယ်အစိတ်အပိုင်း သို့မဟုတ် အရုပ်များကိုလက်ဖြင့်ထိုးပြခြင်း၊
- ☐ “ထိုင်ပါ” ဆိုကဲ့သို့ ရိုးရှင်းသောညွှန်ကြားချက်များကို လိုက်နာ ခြင်း၊
- ☐ “ဘောလုံး”၊ “ခွေး”၊ “ကား” ကဲ့သို့ တကယ့်စကားလုံး နှစ် လုံး၊ သုံးလုံးပြောလာခြင်း၊

သင့်ကလေးငယ်၏ နားကြားမှုအတွက် စိတ်ပူပန်မှုများရှိလျှင်၊ သင့်ကလေး၏ဆရာဝန် သို့မဟုတ် သင့်ရပ်ကွက်ဆေးခန်းသို့ ဆက် သွယ်ပါ။

Reviewed 2018




ကွင်းစလန်ကျန်းမာရေးဌာန၏ နားကြားမှုကောင်းမွန်ရေးအစီအစဉ် က၊ မွေးစဉ်ကပင် ရာသက်ပန်နားမကြားသည့်ကလေးငယ်များကို သိရှိရန်ရည်ရွယ်သည်။ ယင်းကိုအခမဲ့ဖြင့် ကွင်းစလန်၌မွေးသော မယ်ဒီကဲရ်ရနိုင်သည့် ကလေးများအားလုံးရရှိနိုင်သည်။

**www.health.qld.gov.au/healthyhearing**

Queensland Government

Language: Burmese



# သင့်ကလေးငယ်၏နားကြားမှုစိစစ်ခြင်း

သင့်ကလေး၏စကားနှင့်ဘာသာစကားဖွံ့ဖြိုးရန် မွေးပြီးခါစလများ မှစ၍ လွန်စွာအရေးကြီးကြောင်း နားကြားမှုကောင်းမွန်ရေးအဖွဲ့ ကယူဆသည်။ မွေးကင်းစကလေး ၁၀၀၀တွင် တစ်ယောက် သို့မ ဟုတ် နှစ်ယောက်ခန့်တွင် သိသာစွာနားကြားမှုချို့တဲ့နေပါသည်။

နားကြားမှုချို့တဲ့ကြောင်း စောစောမသိခဲ့လျှင် သင့်ကလေး၏ စကားနှင့် ဘာသာစကားဖွံ့ဖြိုးမှုနှင့် အနာဂါတ် ကျောင်းစာသင် ကြားမှု တို့ကိုထိခိုက်စေနိုင်ပါသည်။

## အတွက် နားကြားမှုစိစစ်ရန် ရက်ချိန်း

. . . . . . . . . . . . . . . . . . . . . . . . . .

ရက်စွဲ . . . . . . . . . . . . . . . . . . . . . .

အချိန် . . . . . . . . . . . . . . . . . . . . . .

နေရာ . . . . . . . . . . . . . . . . . . . . . .

## မွေးကင်းစကလေး၏ ကျန်းမာရေးစစ်ဆေးမှုများတစ်စိတ်တစ်ပိုင်း

တစ်သက်တာနားမကြားနိုင်ခြေဖြင့်မွေးဖွားလာသည့် ကလေးငယ်များကို သိရှိလာရန်၊ နားကြားမှုကောင်းမွန်ရေးအစီအစဉ်က ပန်းတိုင်အဖြစ်ထားပါသည်။ ယင်းကို ကွင်းစလန်၌မွေးသော မယ်ဒီကရနိုင်သည့် မွေးကင်းစကလေးများအားလုံး အခမဲ့ရရှိပါသည်။

သင့်ကလေးအားမွေးဖွားပြီးနောက် ကျန်းမာရေးစစ်ဆေးမှုများလုပ်ပေးရန် ကမ်းလှမ်းလာပါမည်။ ယင်းထဲတွင် နားကြားမှုချို့တဲ့မှုစိစစ်ခြင်းပါဝင်ပါသည်။မွေးပြီးနောက် ယင်းစိစစ်မှုကိုအစောဆုံးပြု လုပ်သင့်ပါသည်။ ယင်းစိစစ်မှုကို သင်နှင့်ကလေးဆေးရုံမှဆင်းသည့်အခါ မလုပ်ရသေးလျှင်၊ အပြင်လူနာအဖြစ် အိမ်ပြန်ရောက်ပြီး မကြာခင်လာစစ်နိုင်ပါသေးသည်။

## စိစစ်မှုကို ဘယ်လိုလုပ်သလဲ?

နားကြားမကြားစိစစ်မှုက သင့်ကလေးငယ်အားမနာကျင်စေပါ။ သင့်ကလေးငြိမ်နေလျှင် သို့မဟုတ် အိပ်ပျော်နေချိန်၌ သူနာပြု သို့မဟုတ် နားကြားမှုစိစစ်သည်ကိုသင်ကြားထားသူက လုပ်ပါမည်။ ပျော့ပြောင်းသည့်ဂွမ်းဖတ်များကို သင့်ကလေးခေါင်းပေါ်တွင်ထား ပြီး နူးညံ့သည့်နားထောင်ကရိယာတစ်ခုအား နားတစ်ဖက်စီအပေါ်ပေါ့ပါးစွာထားပါမည်။ ပြီးနောက် အသံစဉ်များကို သင့်ကလေးနားထဲသို့လွှင့်မည်။ ဂွမ်းဖတ်များက အသံများအပေါ် သင့်ကလေး၏တုံ့ပြန်မှုကို မှတ်တမ်းတင်ပါမည်။

## အဖြေကိုဘယ်တော့ကျွန်ုပ်သိရမလဲ?

စိစစ်မှုအဖြေကိုချက်ခြင်းရပြီး၊ သင့်မွေးကင်းစကလေး၏ တစ်ဦး ချင်းကျန်းမာရေးမှတ်တမ်းစာအုပ်အတွင်း၌ ရေးမှတ်ထား ပါမည်။ စိစစ်မှုလုပ်ပေးသူက အဖြေကို သင်နှင့်ဆွေးနွေးပါမည်။ သင့်အနေ နှင့်မသေချာမှုများ ရှိနေလျှင်မေးခွန်းများကိုမေးမြန်းပါ။

## စိစစ်မှုမှဘာတွေကျွန်ုပ်တို့သိလာရမလဲ?

နားတစ်ဖက်စီအတွက် “အောင်မြင်” အဖြေ သို့မဟုတ် “ညွှန်းရန်” အဖြေ ပေးပါမည်။ သင့်ကလေးနားကြားမှုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်ကို စိစစ်မှုကပေးမည်မဟုတ်ပါ။

## “အောင်မြင်” ဆိုသည့်အဖြေက ဘာဆိုလိုတာလဲ?

နားနှစ်ဖက်လုံးအတွက် “အောင်မြင်” သည့်အဖြေရသည်မှာ သင့် ကလေးအတွက် (နားမကြားသည်ကြောင့်) စကားပြောနှင့် ဘာသာ စကားဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ခြေ မရှိပုံရသည် ဟုဆိုလိုပါသည်။

ကလေးငယ်အရေအတွက်အနည်းငယ်တွင် စိစစ်မှုကိုအောင်မြင်သော်လည်း၊ အချို့သော ပိုကြာလာမှတွေ့လာနိုင်သည့် နားကြား မှုချို့တဲ့စေသည့် အန္တရာယ်ပုံစံများရှိနေနိုင်သည်။ ယင်းသို့ ဖြစ်လျှင် သူတို့အသက်တစ်နှစ်မပြည့်မီအချိန်အတွင်း နားကြားမှု စစ်ဆေးသူ နှင့် စစ်ဆေးရန်ပြောကြားပါမည်။ မည်သည့်အချိန်၌ စစ်ဆေးရန် မှာ သင့်ကလေး၏ တစ်ဦးချင်းလိုအပ်မှုအပေါ်တည်ပါသည်။ ယင်း သို့ဖြစ်နိုင်သည့် မွေးကင်းစကလေးအနည်းငယ်သာလျှင်နားကြားမှု ချို့တဲ့လာနိုင်သော်လည်း သင့်ကလေးအနေဖြင့် စစ်ဆေးမှုခံယူရန် အရေးကြီးပါသည်။

မွေးကင်းစကလေးများအားလုံးတွင်၊ အချိန်အရ နားကြားမှုပြောင်း လဲနိုင်သည်ကို သတိပြုပါ။ တစ်ချိန်ချိန်တွင် သင့်မွေးကင်းစ သို့မ ဟုတ် ကလေး၏ နားကြားမှုအတွက် စိတ်ပူပါက၊ သင့်ဆရာဝန် သို့မဟုတ် ရပ်ကွက်ဆေးခန်းမှ ဝန်ထမ်းကိုဆက်သွယ်ပါ။ မွေးကင်း စ နှင့် မည်သည့်အသက်အရွယ်မဆိုရှိသည့်ကလေးများ၏ နား ကြားမှု စစ်ဆေးခြင်းများကိုလုပ်နိုင်ပါသည်။

## “ညွှန်းရန်”ဆိုသည့်အဖြေက ဘာဆိုလိုတာလဲ?

နားကြားခြင်းစိစစ်မှုမှ “ညွှန်းရန်” ဟူသောအဖြေရလျှင် ဖြစ်နိုင်သော အကြောင်းများစွာရှိပါသည်။

- စိစစ်နေစဉ် မွေးကင်းစကလေး မငြိမ်ဘဲဖြစ်နေခြင်း၊
- စိစစ်နေစဉ် နောက်ဖက်ဝန်းကျင်၌ဆူညံနေခြင်း၊
- မွေးပြီးနောကကလေး၏နားထဲ၌အရည် သို့မဟုတ် ယာယီ ပိတ်ဆို့မှုရှိနေနိုင်ခြင်း၊
- မွေးကင်းစကလေးအနည်းငယ်တွင် ယာယီ သို့မဟုတ် ရာသက်ပန်နားကြားမှုချို့တဲ့နေနိုင်ပါသည်။ ချို့တဲ့မှုမှာ အနည်းငယ်မှ လုံးဝ မကြားမှုအဆင့် အထိရှိနိုင်ပါသည်။

သင့်မွေးကင်းစကလေး၏ပထမဆုံးနားကြားမှုစိစစ်ခြင်း၌ “ညွှန်းရန်” ဟူသောအဖြေကို နားတစ်ဖက် သို့မဟုတ် နှစ်ဖက်လုံး အတွက်ရခဲ့လျှင်၊ နားနှစ်ဖက်လုံးအတွက် ဒုတိယစိစစ်မှုကိုလုပ်ပေး ပါမည်။

သင့်မွေးကင်းစကလေး၏ဒုတိယနားကြားမှုစိစစ်ခြင်း၌ “ညွှန်းရန်” ဟူသောအဖြေကို နားတစ်ဖက် သို့မဟုတ် နှစ်ဖက်လုံး အတွက် ရခဲ့လျှင်၊ သင့်ကိုနားကြားမှုစစ်ဆေးသူထံ စစ်ဆေးဖို့အပြင် မိသားစုထောက်ပံ့ပေးသောဝန်ဆောင်မှုအတွက် ညွှန်းပေးပါမည်။ ဤအကြောင်း ပိုမိုအသေးစိတ်ရေးထားသောနောက်ထပ်စာရွက် တစ်ခုကို သင့်အားပေးပါမည်။

## နောက်ထပ်အကြောင်းအချက် ဘယ်မှာရနိုင်မလဲ?

သင့်မွေးကင်းစကလေးအတွက် နားကြားမှုစိစစ်ခြင်းနှင့်ပါတ်သက်သည့်အကြောင်းအချက်များ ပိုမိုသိရှိလိုပါက၊ သင်၏ ဆေးရုံ၊ က လေးငယ်၏ဆရာဝန် သို့မဟုတ် သင့်ရပ်ကွက်ဆေးခန်းမှဝန်ထမ်း ကိုဆက်သွယ်ပါ။






